# အိမ်မြှောင်ရောင်အိမ်

## အခန်း (၇)

(၉)ရက်ရှိပြီ ကွမ်းယာသမား ကိုစိန်ယုံနဲ့ နှောက်ပြောင်ကျီဆယ်နေပေမဲ့ အခုထက်ထိ ရေချိုးခွင့် တကြိမ်မှ မရသေးပါ။ ဖေဖေဖြစ်သူ ဆရာဝန်ရဲ့ ဆုံးမစကားအရဆိုရင် လူတွေဟာ တ်နိုင်ရင် တနေ့ကို (၂)ခါ ရေချိုးသင့်တယ်။ (၃)ခါဆိုရင် ပိုတောင်ကောင်းသေးတယ်။ တေဇ ထောင်ထဲမှာရေ ချိုးခွင့် ရရင်လဲ (၁၅)ခွက်ဘဲ ချိုးခွင့် ရပါတယ်။ တနေ့ ထောင်မှူးကို လူချော တခြားမှာဆေးလိပ်သောက် ထိုင်သောက်နေလို့ ရေအခွက်(၄၀)လောက် ချိုးခဲ့ရတဲ့ နေ့လေးကို မမေ့နိုင်ပါ။ ကိုလူချောဟာ တကယ် တော့ သဘောထားကောင်းသူ မဟုတ်ပါ။

တမင်းကျွေးတာကလည်း မမှန်ဘူး။ ရေလည်းပေးမချိုးသေးဘူး။ မေမေသာ ဒီအကြောင်းတွေ သိရင် ရင်ကွဲမှာ သေချာတယ်။ မေမေဟာ တေဇ သန့်သန့်ပြန့်ပြန့် နေတာကို သဘောကျတယ်။ တေဇဒေါကန်ရင် **“သိပ်ယုတ်မာတဲ့ ခွေးတွေ၊ သိပ်ယုတ်မာတဲ့ ခွေးတွေ”** ဆိုပြီးပေါက်ကွဲအော်ဟစ်နေ တယ်။ ကိုစိန်ယုံက **“မင်းအမေက ဒီလိုကြမ်းတမ်းတဲ့ စကားမျိုးပြောတတ်လို့လား”** တေဇဒေါကန် စွာနဲ့

**“တိတ်တိတ်နေစမ်းပါ။ ကိုစိန်ယုံ ဒီမှာပေါက်ကွဲနေတာ၊ ဟာသလုပ်နေတာမဟုတ်ဘူး။ ကနော်သိပ်စိတ်ဆိုးနေတယ်။ ကျနော့်မှာ တကိုယ်လုံး ယားလွန်းလို့ ကုတ်နေရတာ ကိုယ်တခုလုံး အနာတွေ ဗလပွဖြစ်နေတယ်။ ရေလေးလောက်တော့ ဆေးကြောခွင့် ရသင့်တယ် မဟုတ်လား။ အခန်းထဲမှာ ရေဆေးရလို့ စိုနေရင် ပိုးဟပ်တွေ ပိုပြီးရောက်လာဦးမယ်။ အဝတ်တွေလည်း မလျှော်ရ တာကြာလို့ သိပ်ချဉ်စုတ်တဲ့ အနံ့ထွက်နေပြီ။ ကိုစိန်ယုံ တတ်နိုင်ရင် ထောင်မှူးလေးကို ကျနော် ခေါ်တယ်ဆိုပြီး ခေါ်ပေးပါလားဗျာ။”**

**ကိုစိန်ယုံ။ ။ တေးဆိုင့်ကကလေး၊ မင်းအခုပြောတဲ့ စကားတွေကို ငါ့စိတ်ထင် သိပ်မကောင်းဘူး။**
တေဇ ဆက်လက် အော်ဟစ် ဆူညံနေတယ်။ ကိုစန်ယုံကို ဘေးကိုတွန်းထုတ်လိုက်ရင်း အခန်းတံခါး အပြင်ဘက်ကို ခေါင်းပြူထွက်လိုက်ပြီး

“ထောင်မှူးခင်ဗျား၊ ထောင်မှူးခင်ဗျား ကျနော် မကျေနပ်တာတွေ တင်ပြချင်တယ်။ တင်ပြခွင့်

မေးစေ့ရိုး
မကျိုးသေးဘူး
ထင်ပါရဲ့ ။
ခစ်ပီနပ်
လှုပ်သွားကော
ရိုပ်ခနဲ
ဖြင့်လိုက်ရလို့ ။
ဒီတော့
မျက်နှာမထိအောင်
လက်နဲ့ ။
ကာကွယ်လိုက်တယ်

ပေးပါ။''လို့ အော် မွန်းကြပ်နေလို့ ပါရစေဆိုပြီး အော် လည်း အဲဒီ လို က အစိုင်အ ခဲတွေ ရှိသလိုဘဲ။ အဲဒီ အ ရဲ့ ပြန်ပြီး ဆဲဆို ဇ တိုက်ပိတ် ဝန်း နပ်သံဟာ တ လာပါ တယ်။ စိတ် ကို **"စိန်ယုံ မင်း သုံး မကျ တဲ့ အရူး နေ တာ ကို ဘာ ငှါကို ကောင်း တ ၁ ဘ ` ။ "စိန်ယုံ လောက်တောင်** ကိုစိန်ယုံက သူမ နှစ်ဖက်တွန် ့ပြ သိဘူးဆိုတဲ့ စိန်ယုံကို ဖြတ်ပြီး လ ၁ တ ယ် ။ လာမှ သတိထား ကိုလူချော ဗလ ပါလား။ ခေါင်း နောက်ပြန်လှန်ပြီး ထ ၁ း တ ယ် ။ လုံးဟာ ဒေါ သ တောက်နေတယ်။

ဟစ်နေတယ်။ စိတ်ထဲမှာ မကြေနပ်တာတွေ တင်ပြ ဟစ်နေတယ်။ စိတ်ထဲမှာ အော်ဟစ်နေရလို့ ရင်ထဲ နည်းနည်း သက်သာ သလို ချိန်မှာဘဲ ထောင်မှူးလေး ကြိမ်းဝါးသံ ကြားရပြီး တေ ထဲ လျှောက်လာတဲ့ စစ်ဖိ ဖြည်းဖြည်း ကျယ်လောင် ဆိုးတဲ့ မျက်နှာနဲ့ ကိုစိန် ယုံ **ဟာ တော်တော် သောက် ဘဲ။ ဒီလောက် အော် ဟစ် လို့ မ တား တာလဲ။ မင်း ကောင်း ဒုက္ခပေး နေ ထောင်မှူး လေးက ဒီကောင် ဘာလို့ ဒီ အော် နေရတာလဲ။"** သိသလို လက်ခါပြီး ပုခုံး လိုက်တယ်။ သူ့ဘာမှ မ သဘောမျိုးပေါ့။ ကို တေဇအနားကို ရောက် ထောင်မှူး လေးအနီး ကပ် မိတယ်။ ထောင်မှူးလေး တော်တော် ကောင်း ပေါ်က ဆံပင်ကိုလည်း သပ်သပ်ရပ် ရပ်ဖြီး လိမ်း ထောင်မှူးလေး မျက် ထွက် ပြီး မီးဝင်း ဝင်း

**"မင်းဘာများပြောမလို့လဲ သောက်ရူးလေး။ မင်းကို ဘယ်သူက ဒီလို အော်ခွင့်ပေးထား တာ လည်း။ မင်းမှာ ဒီလို အော်ပိုင်ခွင့် မရှိဘူးဆိုတာသိတယ် မဟုတ်လား။** တေဇ ခေါင်းကို လက်ညှိုးနဲ့ ပြင်းပြင်းခေါက်လိုက်တယ်။ ထောင်ထဲမှာ ထောင်ကျများဟာ ထောင်မှူးလေးကို

ရှိသေကြတဲ့ ထုံးစံအ တိုင်း တေဇခေါင်းကို ငုံ့ထားပါတယ်။ တေဇရဲ့ အနားနားကပ်ထိုင်ပြီး

**"ခွေးကောင် မင်းကို မင်း မေ့နေပြီလား။ မင်းအခုဘယ်မှာ ရှိနေတယ်ဆိုတာ သတိရသေးရဲ့လား။ မင်းအပြင်ဘက် လောကမှာ ပြောချင်တာပြော၊လုပ်ချင်တာလုပ်လို့ ရမယ်။ ငါတို့ ရဲ့ထောင်ထဲမှာ ဒီအခွင့်အရေးမရှိဘူး။ အပြင်လောကမှာ မင်းဖာသာမင်း မဟုတ်က၊ဟုတ်က သတင်းတွေ လျှောက်ဖြန့် လျှောက်ပြော လူထုရဲ့ခေါင်းထဲကိုလည်း ဘာမှအသုံးမကျတဲ့ နိုင်ငံရေးစကားတွေ လျှောက်ထဲ့နေတာရချင်ရမယ်။ မင်းကိုယ်မင်း သိရဲ့လား။ သောက်ရူးလေး။**

ထောင်မှူးလေး ကိုလူချောမေးတဲ့ မေးခွန်းတွေ စိတ်ထဲမှာ စဉ်းစားနေရင်း အလောတကြီးစွာ ပြန်လှန်ပြောဆိုမိပါတယ်။

**ကျနော့်နာမည် မောင်တေဇဖြစ်ပါတယ်။ အင်္ဂလိပ်စာ ဌာနမှ ကျောင်းသားဖြစ်ပါတယ်။ ရန်ကုန် တက္ကသိုလ်.............** စကားမဆုံးသေးဘူး မေးစေ့ ပူကနဲဖြစ်သွားပြီး လူဟာလည်း ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်ကျသွားတယ်။ ခေါင်းကို ခါလိုက်ပြီး ကိုယ့်မေးရိုးကိုပြန်စမ်းပြီး ပါးစပ်ကိုလည်း ပိတ်လိုက်၊ ဖွင့်လိုက် စမ်းကြည့်ရတယ်။ နောက်တကြိမ် ကန်ခံရတယ်။ အရုပ်ကြိုးပြတ်လို နောက်ပြန်လဲသွားတယ်။ ကိုစိန်ယုံပေးထားတဲ့ ပန်းကန်ပြားကို တိုက်ပြီးကျသွားတယ်။ မေ့စေ့ကိုထပ်စမ်းလိုက်တယ်။ မေးစေ့ရိုး မကျိုးသေးဘူး ထင်ပါရဲ့။ စစ်ဖိနပ် လူ့ပ်သွားတာ ရိပ်ခနဲ မြင်လိုက်ရလို့ ဒီတခါ မျက်နှာမထိအောင် လက်နဲ့ ကာကွယ်လိုက်တယ်။ နောက်ထပ် တချက်ထပ်ကန်ပြန်ရော။

**နောက်တချက် နောက်တချက်..........**တေဇလဲ့ကျနေတဲ့ နေရာမှာ ထမင်းပန်းကန်မှောက်ပြီး ထမင်းတွေလည်း ကြမ်းပြင်ပေါ်မှာ ဖွေးနေတယ်။ ပန်းကန်ပြားကို ထပ်ကန်လိုက်လို့ တေဇကို ပန်းကန်ပြားလာမှန်တယ်။ ပြီးတော့ တိတ်ဆိတ်သွားပြန်တယ်။

ဒါပေမဲ့ ဒီတခါ တိတ်ဆိတ်မှုထဲမှာ ရင်ထဲမှတော့ စကားတွေအများကြီးပြောနေမိတယ်။

**တိတ်ဆိတ်ခြင်း..........**ထောက်လှမ်းရေးတွေ စစ်တုန်းက တိတ်ဆိတ်ပြီးသွားရင် အကန်ခံရတာများတယ်။ နောက်ထပ်ကျလာမဲ့ ဖိနပ်ကို စောင့်ကြည့်နေတယ်။ ဒီတခါ ထပ်မကန်တော့ဘူး။

"ဆရာ ကျနော်ခွင့်တောင်းတာက ရေချိုးဖို့ပါဘဲ။ အခုထက်ထိ မရသေးပါဘူး။ ဒါကြောင့်မို့ ဆရာကို ကျနော်အခုလို ကိုယ်တိုင်ပြောရတာပါ။ ထောင်မှူးလေးက

**"သောက်ရူးလေး၊မင်းတောင်းတဲ့ အခွင့်ရေးကို မပေးနိုင်ဘူး။ ရေချိုးခွင့် ပယ်တယ်။ ဒါဘဲ။"**

ဒေါင်းကနဲ တံခါးဆောင့်ပိတ်သံကြားရသလို စစ်ဖိနပ်သံဟာ တဖြည်းဖြည်း ဝေးပြီး ပျောက်သွားပါတော့တယ်။ အံ့သြစရာကောင်းတာက ထောင်မှူးလေး ကိုလူချောက တေဇကိုသာ နှိပ်စက်ထိုးကြိတ် သွားပေမဲ့ ကိုစိန်ယုံကိုတော့ ဘာမှလုပ်မသွားဘူး။ ပွကြနေတဲ့ ထမင်းတွေကို ပြန်စုကောက်နေမိတယ်။ ဒါဟာ ပထမဆုံး အကြိမ်မဟုတ်ပါဘူး။ အရင်အကြိမ်များစွာ ဒီလိုဘဲ နှိပ်စက်ထိုးကြိတ်တာ ခံရဘူးပါတယ်။ ထမင်းတွေကို ဂန်ဖလားထဲ ထည့်လိုက်တယ်။ ညစ်ပတ်နေတဲ့ အဝတ်စနဲ့ ရေနည်းနည်းဆွတ်ပြီး ပေနေတဲ့ ကြမ်းပြင်တွေကို သုတ်ရတယ်။ ညစ်ပတ်နေတဲ့ အဝတ်ကအရည်တွေကို ဂန်ဖလား (အိမ်သာခွက်) ထဲ ထည့်လိုက်တယ်။

ဘာဘဲဖြစ်ဖြစ် တေဇရဲ့ စုတ်နေတဲ့ဖျာလေးဟာ အခန်းအလယ်မှာ ခန်းညားစွာ ရှိနေသေး

တယ်။ အခုလို သန့်ရှင်းရေး လုပ်လိုက်တော့ အရင်ထွက်နေတဲ့ ဒေါသတွေ ပျောက်ကွယ်သွားတယ်။ စိတ်ထဲမှာ ထောင်မှူးကိုလူချောကို သိပ်သတ်ချင်တဲ့ စိတ်ပေါ်လာတယ်။ ထောင်ပိုင်ကြီးကိုလည်း သတ်ချင်တယ်။ စစ်ဗိုလ်တွေကိုလည်း သတ်ချင်တယ်။ တကယ်လို့ တေဇလက်ထဲမှာလည်း သေနတ်တွေက ရှိနေပြီ၊ အခန်းထဲ အဲဒီလူတွေဟာလည်း ရှိနေပေ့ါလေ၊ စိတ်ကူးပေါ်လာတာပါ။ ညစ်ပတ်တဲ့ ဆဲရေးတိုင်းထွာမှုတွေကို တေဇ ရွတ်နေမိတယ်။ ထောင်မှူးလေး ကိုလူချော အော်ငေါက်သွားတာတွေ ပြန်ကြားယောင်မိတယ်။ သူ့ခေါင်းကို နောက်တကြိမ် ထပ်ခေါက်သလို ခံစားမိတယ်။ နာကျင်စွာ ယောင်နေတဲ့ မေးစေ့ကို ပွတ်သပ်နေရင်းနဲ့ တရားပြန်ထိုင်ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီအခါမှဘဲ ခံစားရတဲ့ ဝေဒနာတွေ ပျောက်ကွယ်သွားတော့တယ်။

တရားမှတ်ခြင်း၊ ဝင်သက်၊ထွက်သက် ကျင့်ခြင်းတွေကို လုပ်နေမိတယ်။ နည်းပြဆရာက တေဇ မေမေဟာ တေဇကို သူသွားလေ့ရှိတဲ့ တရားစခန်းကို ခေါ်သွားလေ့ရှိတယ်။ တေဇလည်း ကျောင်းပိတ်ရက်တွေဖြစ်တဲ့ စနေ၊တနင်္ဂနွေတွေမှာ တရားကျင့်ရတာကို နှစ်ချိုက်မိတယ်။ သေသေချာချာ ငြိမ်ငြိမ်လေးထိုင်ပြီး ဝင်သက်ထွက်သက်ကို မှတ်ယူရတာဖြစ်ပါတယ်။ လူဆိုတာ တသက်လုံး အသက်ရှူရမှာဘဲ။ အသက်ရှူခြင်းဆိုတာဟာ ဆရာသခင်ဘဲဖြစ်တယ်။ အခုလို အသက်ငယ်တုန်းက စလုပ်ရင် အသက်အရွယ်ကြီးလာရင် တရားကျင့်တဲ့ လမ်းပေါ်ရောက်နိုင်တယ်။ အဲဒီအခါကျရင် မကောင်းတဲ့ လမ်းပေါ်ဘယ်တော့မှ မရောက်နိုင်ဘူး။ မမြင်ရတဲ့ ဘုရားစပ်တနေရာမှာ တရားစကျင့်တယ်။ နှာခေါင်းမှ ဗိုက်ထဲရောက်အောက်ရှူပြီး သတိနဲ့မှတ်ရပါတယ်။ ရှူရင် ရှူတယ်၊ ထုတ်ရင် ထုတ်တယ်လို့မှတ်ရပါတယ်။

မေမေဟာ ကမ္ဘဌါန်းထိုင်တဲ့ သူတော်စင်တွေ အကြောင်းပြောပါတယ်။ တချို့ သူတော်စင်တွေဆို တိရစ္ဆာန်တွေနဲ့ စိတ်ခြင်းစကား ပြောနိုင်တယ်။ ကွယ်လွန်သွားတဲ့ ဝိညာဉ်များနဲ့ လည်း စကားပြောနိုင်တယ်လို့ ပြောဘူးတယ်။ တေဇအနေနဲ့က အခုမှ အစပိုင်းဘဲဆိုတော့ ဝင်သက်ထွက်သက် မှတ်တာလောက်ဘဲ လုပ်တတ်ပါတယ်။ ဝက်သက်ထွက်သက် မှတ်ခြင်းအကျိုးမှာ ရာသီဥတုအေးတဲ့အခါ လေကိုနွေးသလို ခံစားရပြီး ရာသီဥတုပူတဲ့အခါ မှာ အေးသလို ခံစားရတယ်။

မိုးရွာလို့အေးနေတဲ့ အချိန်မှာ နွေးထွေးတဲ့ လေဟာတန်ဖိုး မဖြတ်နိုင်ပါ။ တရားများများမှတ်ပေးမှ တေဇရဲ့ ထွက်နေတဲ့ ဒေါသစိတ်တွေလည်း နည်းနည်းသက်သာမှာ ဖြစ်ပါတယ်။ ပါဠိဘာသာစကားဖြစ်တဲ့ မေတ္တာ၊ဂရုဏာ၊ မုဒိတာ၊ ဥပက္ခာတို့ကို တရားမှတ်ရင်း စိတ်ရဲ့ အေးချမ်းမှုကို ကြိုးစားရတယ်။ ဗုဒ္ဓတရားလမ်းနဲ့ ဖြေပေမဲ့ သူ့အပေါ်ရက်စက်လှတဲ့ ထောင်မှူးလေး ကိုလူချောကိုတော့ မေတ္တာမထားနိုင်သေးပါ။ ကြိုးစား တရားမှတ်လည်း ဒေါသတွေ၊ ဝမ်းနည်းခြင်းတွေဟာ သူ့ရင်ထဲ စွဲကျန်ရစ်နေဆဲဖြစ်ပါတယ်။ အရေးအခင်း အချိန်အတွင်း ကျောင်းသားတွေ ရင်ထဲမှာ လူထုအတွက် လွတ်လပ်ဖို့ ရုန်းကန်ကြိုးစားလို့ ထောင်ကျတယ်ဆိုတာ မဆန်းလှပါဘူး။ မေတ္တာဆိုတာ ရန်သူကိုလည်း ချစ်ခင်ရမယ်ဆိုတဲ့ ဗုဒ္ဓလမ်းစဉ်ဖြစ်တဲ့ အတွက်ကြောင့် စစ်ဆိုတာကို ရပ်စဲဘို့ဆိုတဲ့ တခုတည်းသောနည်းလမ်းဟာ ရန်သူကို မေတ္တာထားပြီး အမုန်းတရားတွေကို ရပ်တန့်မှ ဖြစ်မှာပါ။ ပြောသာပြောတယ် မေတ္တာ

ဘယ်လောက်ဘဲ ထားထား ထောင်ထဲကတော့ ထွက်ခွင့်ရမှာ မဟုတ်သေးပါ။

မျက်လုံးတစုံကို ဖြေးဖြေးလေး ဖွင့်ကြည့်လိုက်တဲ့အခါမှာ ပိုးဟပ်များ ပန်းကန်ထဲက လက်ကျန်တချို့ကို ကုရှင်းပေးနေတာ တွေ့ရပါတယ်။ ပိုးဟပ်တွေအပေါ်မှာ မုဒိတာ ပွားများလိုက်ပါတယ်။

ပိုးဟပ်များ ဝမ်းမြောက်စွာ စားကြပါ။ ဝအောင်တော့ မကျွေးနိုင်သေးပါ။

# အိမ်မြှောင်ရှောင်အိမ်

## အခန်း (၈)

တေဇထင်တယ် ဒီတခါတော့ သူ့ကို ထောင်မှူးလေး ကိုလူချော ထမင်းမကျွေးဘဲ ထားတော့မယ်။ အရင်တုန်းက အခုလို ဒေါကန် ထိုးကြိတ်ပြီးရင်ထမင်းမကျွေးဘဲ ထားဘူးတယ်။ အံ့သြစွာဘဲ ငါးနာရီ ထိုးပြီးတာနဲ့ ကိုစိန်ယုံ ထမင်းထိုးရောက်လာတယ်။ စိတ်ထင်လို့ဘဲ ပြောရမယ် ဒီတခါ ထမင်း ပိုများလာသလိုဘဲ။ ကိုစိန်ယုံကို မေးလိုက်တယ်။

“ကိုလူချော ပါမလာဘူးလား”လို့ ကိုစိန်ယုံက

“ကိုလူချော ကိစ္စရှိလို့ တခြားထောင်မှူး တယောက်နဲ့ အစားထိုးပေးလိုက်တယ်။”အဲဒါဆိုရင် “အဲဒီအသစ် ဝါဒါ ဘယ်မှာလဲ” လို့ မေးမိတော့ ကိုစိန်ယုံက

“မင်းသိပ်အမေးအမြန်း ထူမနေနဲ့၊ အဲဒီဝါဒါ မင်းတို့အဆောင်ထောင့်မှာ ဆေးလိပ်ရင် သတင်းစာဖတ်နေတယ်။”

“ကိုစိန်ယုံ ကျနော်စဥ်းစားမိတယ်၊ ဒီလူတွေ ခင်ဗျားကိုဘဲ ကျနော်တို့အဆောင်ဘက်မှာ အမှုထမ်းခိုင်းတယ်နော်။”

“ဟုတ်တယ်၊ ငါ့စိတ်ထင် မင်းကိုဖျော်ဖြေဘို့ဖြစ်မှာပေ့ါ။ တေဇ ငါမင်းကို အသိဥာဏ်ဆိုတာနဲ့ ပတ်သက်ပြီးမေးချင်တယ်။”

“မမေးနဲ့ မဖြေချင်ဘူး။”

“ဒီလောက် စိတ်မကြီးပါနဲ့ကွာ၊ မင်းကိုယ်ရေးကိုယ်တာကိုတော့ မမေးပါဘူး။ ငါသိချင်တာလေးတချို့လောက်ဘဲ မေးချင်တာ။”

“ကောင်းပြီး မေး၊ ဘာမေးမလို့လဲ”

“ဘယ်လို အခြေအနေတွေမှာ မင်းငိုမိသလဲဆိုတာ ငါသိချင်တယ်”တေဇ ကိုစိန်ယုံရဲ့ မျက်နှာ

ကိုစိုက်ကြည့်ရင်း

"ကိုစိန်ယုံ သူ့ကိုနှောက်ချင်လို့များ ဒီမေးခွန်းကို မေးတာလား ဆိုတာ သံသယဖြစ်လာတယ်။"တဖြေးဖြေး စဉ်းစားရင်းနဲ့ ဖြေလိုက်တယ်။

**"အရင်တုန်းက ငိုပေမဲ့ အခု မငိုတော့ဘူး။ ကိုစိန်ယုံ သေးအိုး သွားသွန်ပေး ပါဦးဗျာ။"**ကိုစိန်ယုံ ပြန်လာတော့ သေးအိုးကအရင်လို မပြောင်တော့ဘူး။

**"အေးကွာ ရေမလာလို့။ ဒီတခါ ဒီအတိုင်းသွန်ပြီး ပြန်ယူခဲ့ရတယ်ကွာ။"**

**"ဟုတ်မှာပေါ့၊ ဒါကြောင့်လည်း ကျနော်ကို ထောင်မှူး ကိုလူချော ရေးပေးမချိုးတာ ဖြစ်မှာပေါ့။ ဒေါ်အောင်ဆန်းစုကြည် အကြောင်းဘာထပ်ကြားသေးလဲ"**ကိုစိန်ယုံက

**"မင်းက ဘာလည်း ငါ့ကို ဘီဘီစီ မြန်မာပိုင်း အစီစဉ်က သတင်းထုတ်လွှင့်တဲ့ လူများထင်နေလား။ ငါကြားရသလောက် ဒီအကျဉ်းထောင်ထဲ အကျဉ်းသားတွေ အပြောအရတော့ နဝတ လူတွေက ဒေါ်စုကို အပြင်လွှတ်ပေးပြီး သူတို့နည်းနဲ့သူတို့ကြိုးစားပြီး လုပ်ကြံလိမ့်မယ်လို့ ထင်နေကြတယ်။ ဘာဘဲဖြစ်ဖြစ် လူတိုင်းအပါအဝင် ဒီထောင်ထဲက အကျဉ်းသားတွေလည်း ဒေါ်စုကို ချစ်ခင်လေးစားကြတယ် မဟုတ်လား။ အဲဒီတော့ ဒေါ်စုကို ဘယ်သူမှ မသေစေချင်ပါဘူး။ အဲ......ဒါပေမဲ့ ဒေါ်စုလွတ်မြောက် လာတော့ ထောင်ပိုင်ကြီး တော်တော့ကို စိတ်ဆိုးနေတယ်။ ငါ စဉ်းစားကြည့်တယ် မင်းထောင်ဝင်စာ ရောက်မလာတာ အဲ့ဒီ ကိစ္စတွေနဲ့ တနည်းနည်း ပတ်သက်နေတယ် ထင်တာဘဲ။"**

**"ဒီအကျဉ်းထောင်ထဲမှာ သူတို့ယုံကြည်တဲ့ လူတွေဘဲ မင်းတို့တိုက်ပိတ်အဆောင်ဘက်မှာ အမှုထမ်းခွင့်ရတယ်။ ပြောသာပြောရတယ် သူတို့က ဘယ်သူ့ကိုမှ ယုံကြည်ကြဘူး။ ဘယ်သူဘဲဖြစ်ဖြစ် မင်းတို့ကို တနည်းမဟုတ်၊တနည်းနဲ့ ကူညီကြလိမ့်မယ်လို့ သံသယရှိနေတယ်။ မင်းကအခြေမသိလို့ပါ။ ငါ့ကိုလည်း အမြဲ စောင့်ကြည့်နေတယ်။ ငါနားလည်ပါတယ်ကွာ။ တေဇ မင်းရေချိုးဘိုရော၊ အမွှေးအမျှင် ရိတ်ဘို့ရော၊ အဝတ်တွေလျှော်ဘို့ရော အမှန်တကယ် လိုအပ်နေပါတယ်။ ငါလည်း မင်းလို ထောင်ကျတယောက်ဖြစ်လို့ သူတို့ခိုင်းတာကလွဲလို့ ဘာများပို လုပ်ပေးနိုင်မှာလည်းကွာ။"**

"ကိုစိန်ယုံ ခင်ဗျားဟာ တကယ်စိတ်ကောင်းရှိတယ်ဗျာ"

**"အေး တေဇ မင်းတခု ကံကောင်းတာက မင်းဟာ အမွှေးအမျှင်တွေ ဒီလောက်အရှည်ကြီး မဟုတ်တာ တခုဘဲ ကံကောင်းတယ်။ တေဇ မင်းငါ့ကို ယုံချင်ယုံ မယုံချင်နေရတယ်။ လွန်ခဲ့တဲ့ (၃)လ**

လောက်က ဒီထောင်ထဲ အဖြစ်ပျက်တခု ပြောပြမယ်။ ငါနဲ့ အဆောင်အတူနေတဲ့ ကုလားတယောက် ရှိတယ်။ သူဟာ ထောင်မှူးနဲ့ စကားများပြီး အော်ဟစ်နေတယ်။ ဘယ်သူမှလည်း သူ့ကိုမကူညီနိုင်ဘူး။ သူဟာ မုတ်ဆိတ်မွေး ရှည်နေတော့ ညှပ်ချင်လို့ ခဏခဏ ပြောတာ ထောင်မှူးက ခွင့်မပြုဘူး။ အဲဒါနဲ့ တနေ့လုံးအော်ဟစ် ဆူညံနေတယ်။

သူ့ကိုလည်း ထောင်မှူးတွေ ပြဿနာလုပ်မှာကြောက်လို့ ထောက်ကျအချင်းချင်းလည်း မုတ်ဆိတ်ရိတ်ဓါး မဌားရဲကြဘူး။ ကုလားဟာ ဒေါကန်လွန်လို့ သူပါသမျှ ချေးတွေကို ပုတင်းပေါက်က အမြဲလွှင့်ပစ်တယ်။ တော်တော်ညစ်ပတ်တယ်။ ကံဆိုးတော့ တနေ့ အောက်မှာလမ်းလျှောက်နေတဲ့ ထောင်ပိုင်ကြီး ခေါင်းပေါ် ချေးတွေသွားကျတယ်။ ကုလားလဲ မုတ်ဆိတ်ရိတ်ဖို့ နေနေသာ ထောင်သက် (၂)နှစ် ထပ်တိုးသွားတယ်။ အဲဒီလိုဘဲ မင်းလဲကြိုးစားကြည့်ပါလား။ ဟား...ဟား...ဟား...

"ကိုစိန်ယုံ ခင်ဗျား တော်တော် ပေါက်တတ်ကရ ပြောတတ်တဲ့လူဘဲ"

"အေး... မင်းမယုံတာတော့ မတတ်နိုင်ဘူး။ အခု ငါပြောတာဟာ ထောင်ထဲက တကယ့်အဖြစ်အပျက်ဘဲ။ အင်းဘယ်သူ့ကို မေးမေးသိတယ်။ ထောင်ထဲက ဟာသ အဖြစ်အပျက်မှန်တခုပေ့ါ။ မင်းတခါတလေ ထောင်မှူး ကိုချစ်နိုင်နဲ့ တွေ့ရတတ်တယ် မဟုတ်လား။ အဲဒီအခါ မင်းမေးကြည့်ပေ့ါ ကုလား အကြောင်းလေ။"

"ထောင်မှူး ကိုချစ်နိုင်လဲ မင်းကိုခင်ရှာပါတယ်။ မင်းရဲ့ ထောင်ဝင်စာ ပျောက်တဲ့ကိစ္စကို သူ့နည်းသူ့ဟန်နဲ့ လိုက်စုံစမ်းတာတွေ့တယ်။ ထောင်ဝန်ထမ်း တော်တော်များများဟာ ကိုချစ်နိုင် မင်းကိုခင်တာ သိကြတယ်။ အဲဒါကြောင့်ဘဲ ဖြစ်မယ်ထင်တယ်။ ကိုချစ်နိုင်ကို မင်းရှိတဲ့ တိုက်ပိတ်ဆောင်က တခြားပို့လိုက်တာဘဲ။ တခြားထောင်တွေကိုတောင် ပြောင်းချင်ပြောင်းသွားရနိုင်တယ်။ ဒါပေမဲ့ လောလောဆယ်ဆယ် ငါတခြားအဆောင်တွေဘက်ကို လျှောက်သွားနေတုန်းက ထောင်မှူး ကိုချစ်နိုင်ကို တွေ့လိုက်တယ်။ ထောင်အဆောင်(၁-၂)ဘက်မှာ လောလောဆယ်ဆယ် တာဝန်ကျနေတယ်လို့ ကြားရတယ်။ ဘာဘဲပြောပြော ကိုချစ်နိုင်ဟာ လုပ်သက်ရင့်တဲ့ ထောင်မှူးဘဲ ဘယ်လိုဘဲဖြစ်ဖြစ်သူ့နည်း၊ သူ့ဟန်နဲ့တော့ မင်းကိုလာတွေ့မှာ သေချာပါတယ်။ တေဇ ဆေးလိပ်ရှိုးမှာ နော"။

ပြောလည်းပြောရင်း ကိုစိန်ယုံ ကွမ်းယာကို သေသေချာချာ ယာလိုက်တယ်။ ပြီးတော့ ပြုံးပြုံးနဲ့ ပါးစပ်ထဲ ထည့်ဝါးနေတယ်။ **"မင်းအတွက် ငါဟင်းကောင်း ပေးမယ်။ စားမလား။ ကြွက်သားဟင်းလေ ကြွက်သားဟင်း ထောင်ထဲမှာတော့ အထူးစပါယ်ရှယ်ဘဲပေ့ါ။ ဆေးလိပ်၊ ငွေ၊ အဝတ်တွေနဲ့လဲပြီးမှ ဝယ်လို့ရတာ။ မင်းစားရင် ငါလက်ဆောင် အဖြစ်ပေးမယ် ဘယ်လိုလဲ စားမလား။"**

ရေချိုးဆင်းတဲ့ အခါမှာ ရေဆင်းတဲ့မြောင်းတွေ၊ ပိုက်တွေ ကြားမှာ သွားဖမ်းတာဖြစ်မယ်။

**"ခင်ဗျားရော စားလား ကိုစိန်ယုံ"**ကိုစိန်ယုံ စိတ်ဆိုးသွားသလိုဘဲ

**"ဘယ်ကလာ ရာရာစစ ကြွက်သားစားရတယ်လို့ ၊ ဒီလောက်ရွံစရာကောင်းတဲ့ ကြွက်တွေ"**
**"ဒါဆို ကောင်းပြီ၊ ခင်ဗျားရွံလို့ မစားချင်တာကို ဘာကြောင့် ကျနော်ကို စေတနာနဲ့ လိုက်ကျွေးနေတာလဲ"** ကိုစိန်ယုံ နည်းနည်း ပြုံးလာတယ်။

**"ဟုတ်တယ် ဘာကြောင့်ဆိုတော့ မင်းဘဲ အမြဲဆာဆာနေတယ် မဟုတ်လား။"** (၂)ယောက် စလုံး တယောက်မျက်နှာ တယောက်ကြည့်ပြီး ပြိုင်တူရယ်လိုက်တယ်။

**"တေဇ သီးခံပါကွာ။ သီးခံခြင်းသည် လူကို အောင်မြင်စေတယ် ဆိုတာ သိတယ် မဟုတ်လား။ မင်းရဲ့ ထောင်ဝင်စာလည်း မကြာခင်ရောက်လာလိမ့်မယ်လို့ မျှော်လင့်ထားတယ်။ မင်းထုံးစံအတိုင်း ဆက်ပြီးတရားထိုင်၊ မြတ်စွာဘုရားလည်း မင်းလိုဘဲ ပိန်ပိန်သွယ်သွယ်ဘဲ။ မင်းလည်း ပိန်သွားတာကောင်းတာပေါ့။"** ရယ်ရယ်မောမောနဲ့ဘဲ ကိုစိန်ယုံ တေဇ အခန်းထဲက ထွက်သွားပြန်တယ်။

ဒါပေမဲ့ တချက်ခေါင်းပြန်လှဲ့ကြည့်ပြီး သေသေချာချာ ပြောလိုက်တယ်။

**"တေဇ မင်းသိပ်ဆာရင် မင်းအခန်းထဲက မင်းသူငယ်ချင်းတွေကို စားလိုက်ပေါ့။ ဟားဟား ဟား ။"** ဒီလိုနဲ့ဘဲ တံခါးပိတ်သွားတယ်။ တေဇ စဉ်းစားမိတယ်။ ကိုစိန်ယုံ တကယ် နောက်သွားတာလား။ ဒါမှမဟုတ် တခါတလေ တေဇ စားပြီးကျန်တဲ့ အိမ်မြှောင်အရိုးစုလေးတွေ ချေးပုံးထဲမှာ သူတွေ့ခဲ့ပြီလားလို့ သံသယ ဖြစ်မိတယ်။